# CATHEDRAL OF THE IMMACULATE CONCEPTION

1122 S. Clinton St. (260)424-1485
Fort Wayne, IN 46802 www.cathedralfortwayne.org

ချစ်ခင်လေးစားရပါသော တိုက်နယ်အတွင်းရှိ ညီအကိုမောင်နှမများခင်ဗျာ

ခရစ်တော်၏ငြိမ်သက်ခြင်းသည် သင်တို့အားလုံးပေါ်သို့တက်ရောက်ပါစေ။ ဤအချိန်၌ငြိမ်သက်ခြင်းကိုတွေ့ရှိရန် ခက်ခဲမည်ကို ကျွန်ုပ်သိပါသည်။ ကပ်ရောဂါဆိုက်ရောက်မှုကြောင့် ကျွန်ုပ်တို့၏ဘဝထဲသို့ နာကြင်မှု၊ ကြောက်ရွံ့မှု၊ ပူဆွေးမှု၊ ဖျားနာမှု နှင့်အသက်ဆုံးရှုံးမှုများ အထိ ဖြစ်ပွားခဲ့ပါသည်။ ဤသို့ဖြစ်ပွားမှုများရှိသော်လည်း ကျွန်ုပ်တို့ခရစ်ယာန်ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သခင်ယေဇူးသည် အပြစ်နှင့်သေခြင်းတရားကိုအောင်မြင်ခဲ့ကြောင်း-ယုံကြည်၍ ဝန်ခံပြောကြားလျက်ရှိပါသည်။ ထို့ကြောင့်၊ ဤနာကြင်ခက်ခဲမှုများ၏အလယ်၌ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အား ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းကို ယူဆောင်လာနိုင်ပါသည်။ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း သတင်းကောင်းသည် နောင်လာမည့်နေ့ရက်များအတွင်း ကျွန်ုပ်တို့အား ဆက်လက်၍ ကူညီ-လမ်းပြပို့ဆောင်နိုင်ပါစေ။

ကျွန်ုပ်-ဤစာရေးသားရခြင်းအကြောင်းမှာ မီစ္ဆားတရားကို လာမည့် မေလ ၂၃ ရက်နေ့- (ညနေ ၅နာရီ Vigil Mass) မှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြုလုပ်သွားမည်ဖြစ်ကြောင်းကို အသိပေးရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ လှပတင့်တယ်သော ဘုရားကျောင်းတော် ကြီးတွင် သင်တို့နှင့်အတူ မီစ္ဆားတရားတော်မြတ်ကိုကျင်းပရန် ကျွန်ုပ်စောင့်မျှော်လျက်ရှိပါသည်။ ထိုသို့မီစ္ဆားတရားပြန်လည်ကျင်းပရာတွင် ကျွန်ုပ်တို့အနေဖြင့် ဖြစ်နိုင်သမျှသော တာဝန်ယူမှု-တာဝန်ခံမှုအသိတရားဖြင့် ပြုလုပ်ကျင်းပရမည်ကိုလည်း အသိပေးလိုပါသည်။ မီစ္ဆားတရားကျင်းပနေ စဉ်အတွင်း ဘေးကင်းလုံခြုံမှုရှိရန်နှင့် တာဝန်သိစိတ်အပြည့်ရှိရန် လိုက်နာရမည့်စည်းမျဉ်းများကို ကျွန်ုပ်တို့သာသနာမှ ချမှတ်ပေးထား ပါသည်။ ဤချမှတ်ချက် စည်းမျဉ်းများနှင့် အသိစိတ်ဖြင့် တာဝန်ယူဆောင်ရွက်ချက်များကို လေ့လာမှတ်သား၍ သိသိကျကျလိုက်နာဆောင်ရွက်ရန် ကျွန်ုပ်တို့အနေဖြင့် မေတ္တာရပ်ခံလိုပါသည်။ ကျွန်ုပ်အနေဖြင့် လိုအပ်သည့်လိုက်နာဆောင်ရွက်ချက်များအားလုံးကို ဤစာထဲမှတစ်ဆင့် တင်ပြနိုင်မှုမရှိသော်လည်း အောက်ပါအချက်များသည် အချို့သော-အရေးကြီးသည့်စည်းမျဉ်းများဖြစ်သည်။ လူတစ်ဦးတစ်ယောက်ချင်းစီအလိုက်ဖြစ်စေ၊ မိသားစုဝင်အလိုက်ဖြစ်စေ ဘေးကင်းလုံခြုံမှုရှိစေရန် အများနှင့် (၆ပေ) ကပ်ကွာကွာနေပေးရပါမည်။ ဘုရားကျောင်းတက်ရောက်လာသူအားလုံးသည် ကိုယ်တော်မြတ်ပင့်ယူချိန်မှလွဲ၍ နှာခေါင်းစွပ်(မျက်နှာဖုံး)ကို တပ်ဆင်ထားရပါမည်။ အသက် ၆၅ နှစ် အထက်ရှိသူ၊ ကျန်းမာရေးချို့တည့်သူ၊ သို့မဟုတ် ဖျားနာနေသူတို့အား မီစ္ဆားတရားပျက်ကွက်ခြင်းမှ (တက်ရောက်ရန်မလို) ခွင့်ပြုထားပါသည်။ ၎င်းတို့အတွက် (မီစ္ဆားတက်ရောက်ရန်မလို) ထိုခွင့်ပြုချက်သည် လာမည့် ဩဂုတ်လ ၁၅ ရက်နေ့အထိ သတ်မှတ်ပေး ထားပါသည်။

အချိန်အလိုက် မီစ္ဆားတရားပြီးဆုံးသည့်အခါတိုင်း၊ လူသွားများသည့်နေရာများကို ပိုးသတ်၍ သန့်စင်သွားပါမည်။ ဘုန်းကြီးမှ ကိုယ်တော်မြတ် ဖြန့်ဝေပေးသည့်အခါတိုင်း အလွန်းသတိထားသွားပါမည်။ ကျွန်ုပ်တို့အနေဖြင့် တရားထောက်များ၊ကိုယ်တော်မြတ် ဖြန့်ဝေပေးသည့်အကူများကို လက်ရှိအခြေနေ၌ အသုံးပြုသွားမည်မဟုတ်။ အလှူငွေကောက်ခံပေးသည့်သူများအနေဖြင့် အလှူငွေကောက်ခံပြီးသည့်အချိန်တိုင်း ချက်ချင်း-မိမိတို့လက်ကိုဆေးကြောသွားပါမည်။ လက်သန့်စင်ဆေး (Hand Sanitizer) များကို ဘုရားကျောင်း၏ အဝင်တခါးများတွင် ထားရှိသွားပါမည်။ မိမိတို့အနေဖြင့် ဘေးကင်းလုံခြုံမှုရှိရန်အတွက် ဘုရားကျောင်းဝင်တိုင်း လက်သန့်စင်ဆေးကို အသုံးပြုရန်မေတ္တာရပ်ခံလိုပါသည်။ ကျွန်ုပ်တို့အနေဖြင့် တတ်နိုင်သမျှသော လုပ်ဆောင်ချက်များကို ပြုလုပ်သွားပါမည်။

ကျွန်ုပ်အနေဖြင့် ဤစာရေးသားရခြင်း အခြားအကြောင်းအရင်းမှာ ဘုရားကျောင်းသန့်ရှင်းရေးပြုလုပ်ရန် အကူညီပေးနိုင်သူများကို ဖိတ်ခေါ်လိုသည့်အကြောင်းအရင်းလည်းပါဝင်ပါသည်။ ကျွန်ုပ်တို့အတွက်လိုအပ်သော တကိုယ်ရည်အကာကွယ်ပစ္စည်းများ အလုံလောက်မရှိသောကြောင့် သင့်ထံ၌ လက်အိတ်၊ လက်သန့်စင်ဆေးများရှိပါက ယူဆောင်လာရန် အသိပေးလိုပါသည်။ ၎င်းကဲ့သို့သောပစ္စည်းများရှိပါသော်လဲ၊ ဝယ်ယူရန်အလွန်ခက်ခဲလှပါသည်။

တရားဒေသနာ ဝေဌာပေးသည့် Message in a Minute ၌ အားလုံး ပါဝင် စားရင်းသွင်းရန် ကျွန်ုပ်အနေဖြင့် တိုက်တွန်းလိုပါသည်။ Flocknote system ထဲမှ တစ်ဆင့် သင့်၏ email နှင့် စလ်ဖုန်းထဲတွင် မက်ဆစ်အမှာစာများကို ပို့ဆောင်ပေးနိုင်ပြီး၊တိုက်နယ်နှင့်သက်ဆိုင်သော အကြောင်းအရာများကို အသိပေးရာ၌လည်း၊ အလွန်အသုံးဝင်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ တိုက်နယ်နှင့်သက်ဆိုင်သော အချက်လက်များကိုသိရှိရန် www.cathedralfortwayne.org ၌စားရင်းသွင်းနိုင်ပါသည်။ တိုက်နယ်ဘေးကင်းလုံခြုံရေးနှင့်သက်ဆိုင်သော ချမှတ်ထားသည့်စည်းကမ်း များကိုလည်း ၎င်းလူမှုကွန်ယက်ထဲတွင်တွေ့ရှိနိုင်ပါသည်။

ဤကပ်ရောဂါဆိုက်ရောက်စဉ်အချိန်အတွင်း သင်တို့တစ်ဦးကိုယ်စီအတွက် ကျွန်ုပ်ဆုတောင်းပေးနေသည်ဖြစ်ကြောင်းအသိပေးလိုပါသည်။ ကျွန်ုပ်တို့၏သခင်ယေရှုသည် ကျွန်ုပ်တို့အား ကောင်းကြီးမင်္ဂလာအပေါင်းနှင့် ငြိမ်သက်ခြင်းဖြင့် အမြဲကူညီစောင့်မပါစေဟုဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အားလုံးကိုဘုရားသခင်ကောင်းကြီးပေးပါစေ,

Fr. Jacob D. Runyon
ကျောင်းထိုင်ဘုန်းတော်ကြီး